## ဟေဗြဲ ၃း၁

"ထိုသို့ဖြစ်လျှင် ကောင်းကင်ဘုံနှင့် စပ်ဆိုင်သော ခေါ်ဘိတ်တော်မူခြင်း ကျေးဇူးကို ခံရသောသူ၊ သန့်ရှင်းသော ညီအစ်ကိုတို့၊ ငါတို့ဝန်ခံသော တမန်တော်နှင့် ယဇ်ပုရောဟိတ်မင်း တည်းဟူသော ယေရှု၏ အကြောင်းကို စေ့စေ့ဆင်ခြင်ကြလော့"။

ကျွန်ုပ်၏ ဝန်ခံခြင်းအတွက်

# ယေရှုသည်

# တမန်တော်

နှင့်

# ယဇ်ပုရောဟိတ်မင်း

ဖြစ်သည်

"ဝန်ခံခြင်း"သည် ဂရိဘာသာစကားမှ"homologia" ဟောမော်လောဂျီရာ) ထိုစကားလုံး၏ အဓိပ္ပာယ်မှာ-အချက်အလက်များ၏ နက်ရှိုင်းသော ခံယူချက်အပေါ် အခြေခံပြီး ဝန်ခံမှုကို ပွင့်ပွင့်လင်းလင်း ကြေငြာရန်။

## ယေရှုကို **ယဇ်ပုရောဟိတ်မင်း** အဖြစ် ကျွန်ုပ်တို့ ဝန်ခံခြင်းသည် မည်သို့ဖြစ်သနည်း

### သူသည် ပြည့်စုံသော ယဇ်ပူဇော်ခြင်းကို ပေးဆပ်ခဲ့ သည်။

"ငါတို့အဘို့ ထာဝရရွေးနုတ်ခြင်း ကျေးဇူးကိုခံရ၍ ဆိတ်အသွေး၊ နွားကလေးအသွေးနှင့်မဟုတ်၊ မိမိအသွေးတော်နှင့် သန့်ရှင်းရာ ဌာနထဲသို့ တခါတည်း ဝင်တော်မူ၏" ဟေဗြဲ ၉း၁၂

"သို့သော်လည်း၊ ယဇ်ပုရောဟိတ်မင်းသည် သန့်ရှင်းရာဌာနထဲသို့ သူတပါးအသွေးနှင့် နှစ်တိုင်းအစဉ် ဝင်ရသကဲ့သို့ ခရစ်တော်သည် အဖန်များစွာ ကိုယ်ကိုပူဇော်ရသည်မဟုတ်။ ထိုသို့ ပူဇော်ရသည်မှန်လျှင်၊ ကမ္ဘာဦးမှစ၍ အဖန်များစွာ အသေခံတော်မူရ၏။ ယခုမူကား၊ ဤကပ်ကာလအဆုံး၌ တခါတည်း ကိုယ်ကိုပူဇော်သောအားဖြင့် အပြစ်များကို သုတ်သင်ပယ်ရှင်းခြင်းငှါ ပေါ်ထွန်းတော်မူ၏" ဟေဗြဲ ၉း၂၅-၂၆

### သူသည် ကျွန်ုပ်တို့အတွက် ကိုယ်စားတောင်းပေး သည်

"ထို့ကြောင့်၊ အကြင်သူတို့သည် ယေရှုခရစ်အားဖြင့် ဘုရားသခင်ထံတော်သို့ ချဉ်းကပ်ကြ၏။ ထိုသူတို့၏အမှုကို ကိုယ်တော်သည်စောင့်လျက်၊ ကာလအစဉ် အသက်ရှင်သောကြောင့်၊ သူတို့ကို အစဉ်ကယ်တင်ခြင်းငှါ တတ်နိုင်တော်မူ၏" ဟေဗြဲ ၇း၂၅

"ထိုမျှော်လင့်ခြင်းမူကား၊ ကုလားကာအတွင်း၌ချ၍ မြဲမြံနိုင်ခံသော စိတ်နှလုံး၏ ကျောက်ဆူးကဲ့သို့ ငါတို့၌ ရှိသတည်း။ မေလခိဇေဒက်နည်းတူ၊ ထာဝရယဇ်ပုရောဟိတ်မင်းဖြစ်သော ယေရှုသည် ငါတို့အတွက် ထိုအတွင်းအရပ်ထဲသို့ ရှေ့ဆောင်၍ ဝင်သောသူ ဖြစ်တော်မူ၏"။ ဟေဗြဲ ၆း၁၉-၂၀

"ငါတို့ယဇ်ပရောဟိတ်မင်းသည် ငါတို့ခံရသော ဆင်းရဲဒုက္ခများကြောင့် မကြင်နာနိုင်သော သူမဟုတ်။ ငါတို့ခံရသည်နည်းတူ၊ အမျိုးမျိုးသော စုံစမ်းနှောက်ယှက်ခြင်းတို့ကို ခံဘူးသောသူ ဖြစ်တော်မူ၏။ သို့ရာတွင်၊ ဒုစရိုက်အပြစ်နှင့် ကင်းလွတ်တော်မူ၏။ ထို့ကြောင့်၊ ငါတို့သည် သနားခြင်း ဂရုဏာကိုငှင်း၊ တော်လျော်သော မစခြင်းကျေးဇူးတော်ကိုငှင်း ခံရမည်အကြောင်း၊ ရဲရင့်သောစိတ်နှင့် ကျေးဇူးပလ္လင်တော်သို့ တိုးဝင်ချဉ်းကပ်ကြကုန်အံ့" ဟေဗြဲ ၄း ၁၅-၁၆

"အပြစ်စီရင်သောသူကား အဘယ်သူနည်း။ အသေခံ၍ ခံသည်သာမက၊ သေခြင်းမှထမြောက်၍ ဘုရားသခင်၏ လက်ျာတော်ဘက်၌ နေလျက်၊ ငါတို့အဘို့ ဆုတောင်းသောသူကား ခရစ်တော်ပေတည်း"။ ရောမ ၈း၃၄

### သူသည် ကောင်းကင်ဘုံ၌ရှိသည်

"ယခုမူကား၊ ကောင်းကင်ဘုံထဲသို့ ကြွဝင်တော်မူသော ယဇ်ပုရောဟိတ်မင်း အကြီးတည်းဟူသော ဘုရားသခင်၏သားတော် ယေရှုသည်၊ ငါတို့၌ ယဇ်ပုရောဟိတ်မင်း ဖြစ်တော်မူသောကြောင့်၊ ငါတို့သည် ဝန်ခံခဲ့ပြီးသော အရာ၌ တည်ကြည်ကြကုန်အံ့"။ ဟေဗြဲ ၄း၁၄

"ထိုသို့နှင့်အညီ၊ မှန်သော သန့်ရှင်းရာဌာနတို့၏ ပုံဖြစ်သော၊ လူတို့လက်ဖြင့်လုပ်သော သန့်ရှင်းရာဌာနထဲသို့ ခရစ်တော်သည် မဝင်ဘဲ၊ ငါတို့အတွက်ကြောင့် ယခုဘုရား

သခင်၏ ရှေ့တော်၌ ကိုယ်ကိုပြခြင်းငှါ၊ ကောင်းကင်ကိုယ်ထဲသို့ ဝင်တော်မူပြီ"။ ဟေ ဗြ ၉း၂၄

"ယုံကြည်ခြင်းကို အစအဦးစီရင်၍ စုံလင်စေတော်မူသော သခင်ယေရှုကို စေ့စေ့ထောက်ရှုကြကုန်အံ့။ ထိုသခင်သည် မိမိရှေ့၌ထားသော ဝမ်းမြောက်ခြင်း အကြောင်းကြောင့်၊ ရှက်ကြောက်သောအရာကို မမှတ်ဘဲ လက်ဝါးကပ်တိုင်၌ ခံပြီးမှ၊ ဘုရားသခင်၏ပလ္လင်တော် လက်ျာဘက်၌ ထိုင်နေတော်မူ၏"။ ဟေဗြ ၁၂း၂

## ယေရှု၏ ဓမ္မအမှုသည် ယဇ်ပုရောဟိတ်မင်းအဖြစ် ကောင်းကင်ဘုံ၌ ရှိနေသည်။

## သခင်ယေရှုကို **တမန်တော်အဖြစ်** ဝန်ခံခြင်းသည် အဘယ်နည်း

### သူသည် ရည်ရွယ်ချက်တစ်ခုနှင့်အတူ စေလွှတ်ခြင်း ခံရသည်

"ငါဆိုသည်ကား၊ သင်သည် ပေတရုဖြစ်၏။ ဤကျောက်ပေါ်မှာ ငါ့အသင်းကို ငါတည်ဆောက်မည်။ ထိုအသင်းကို မရဏာနိုင်ငံ၏ တံခါးတို့သည် မနိုင်ရာ"မဿဲ ၁၆း၁၈

### သူသည် ဘုရားသခင်အတွက် အိမ်တော်တည်ဆောက်နေသည်

"အိမ်တော်ကို ဆောက်သောသူသည် အိမ်ထက်သာ၍ ကြီးသောအသရေ ရှိသကဲ့သို့၊ ယေရှုသည် မောရှေထက်သာ၍ ကြီးသောအသရေကို ခံထိုက်သောသူ ဖြစ်သည်ဟု ထင်မှတ်စရာ အကြောင်းရှိ၏။ ခရစ်တော်မူကား၊ သားကဲ့သို့ အိမ်တော်ကို အုပ်စိုး၍ သစ္စာစောင့်တော်မူ၏..."။ ဟေဗြ ၃း၃၊၆

### သူသည် ဆောက်လုပ်ရေးလုပ်ငန်းမှာ တာဝန်ပေးရမည့် လူများကို လေ့ကျင့်ပေးခဲ့သည်။

"အကျွန်ုပ်သည် မြေကြီးပေါ်မှာ ကိုယ်တော်၏ဘုန်းကို ထင်ရှားစေပါပြီ။ အကျွန်ုပ် ဆောင်ရွက်စရာဘို့ အကျွန်ုပ်၌ အပ်ပေးတော်မူသော အမှုကို အကျွန်ုပ်ဆောင်ရွက်၍ ပြီးပါပြီ"။ ယော ၁၇း၄ - ထိုအလုပ်သည် တပည့်တော် ဆယ့်နှစ်ပါးကို လေ့ကျင့်ပေးခြင်းဖြစ်သည်။

"ကိုယ်တော်သည် အကျွန်ုပ်ကို ဤလောကသို့ စေလွှတ်တော်မူသည်နည်းတူ၊ အကျွန်ုပ်သည် ဤသူတို့ကို စေလွှတ်ပါ၏"။ ယော ၁၇း၁၈

### သူသည် ဝိညာဉ်ဆုကျေးဇူး ၅မျိုးကို ပေးအပ်ခဲ့သည်

"ထိုသခင်သည် လူအချို့တို့ကို တမန်တော်အရာ၌၎င်း၊ အချို့တို့ကို ပရောဖက်အရာ၌၎င်း၊ အချို့တို့ကို သာသနာပြု အရာ၌၎င်း၊ အချို့တို့ကို သင်းအုပ်အရာ၊ ဆရာ၌၎င်း၊ ခန့်ထားတော်မူ၏"။ ဧဖက် ၄း၁၂

### ... တိကျသော ရည်ရွယ်ချက်အတွက်

"ငါတို့ရှိသမျှသည် ယုံကြည်ခြင်းသို့၎င်း၊ ဘုရားသခင်၏ သားတော်ကို သိကျွမ်းခြင်းသို့၎င်း၊ တညီတညွတ်တည်းရောက်၍ ခရစ်တော်၏ ပြည့်စုံခြင်းပမာဏ အရပ်တည်းဟူသော ကြီးရင့်သောလူအဖြစ်သို့ ရောက်ကြသည်တိုင်အောင် ဖြစ်သတည်း"။ ဧဖက် ၄း၁၃

### သူသည် အခြေခံအုတ်မြစ်နှင့် တိုက်ထောင့်အမြစ်ကျောက်ဖြစ်သည်

"အကြောင်းမူကား၊ ယေရှုခရစ် တည်းဟူသော တိုက်မြစ်ကို အဘယ်သူမျှ မချနိုင်"။ ၁ကော ၃း၁၁

"အဘယ်သို့နည်း ဟူမူးကား၊ တမန်တော်မှစ၍ ပရောဖက်များ တည်းဟူသော တိုက်မြစ်အပေါ်၌ သင်တို့သည် ထပ်ဆင့်၍ တည်ဆောက်လျက် ရှိကြ၏"။ ဧဖက် ၂း၂၀

### အဆောက်အဦးသည် သူ၌ အတူတကွ မြှောက်ထားခြင်း ခံရသည်

"ထိုတိုက်ထောင့် အမြစ်ကျောက်ကား၊ ယေရှုခရစ်ဖြစ်သတည်း။ ထိုကျောက်နှင့် တတိုက်လုံးသည် စေ့စပ်၍ကြီးပွားသဖြင့်၊ သခင်ဘုရားအဘို့ အလိုငှါ သန့်ရှင်းသော ဗိမာန်တော်ဖြစ်၏" ဧဖက် ၂း၂၁

### သူသည် ကျွန်ုပ်တို့ကို သူ၏ကျိန်းဝပ်ရာအဖြစ် အတူတကွ တည်ဆောက်နေသည်

"ထိုဗိမာန်တော်၌လည်း၊ ဘုရားသခင်သည် ဝိညာဉ်တော်အားဖြင့် ကျိန်းဝပ်တော်မူခြင်း အလိုငှါ၊ သင်တို့သည် ငါတို့နှင့်အတူ တည်ဆောက်လျက် ရှိကြ၏"။ ဧဖက် ၂း၂၂

## တမန်တော်အဖြစ် ယေရှု၏ အမှုတော်သည် ကမ္ဘာပေါ်တွင် ဆက်လက်တည်ရှိသည်။

# ယဇ်ပုရောဟိတ်မင်း

# နှင့်

# တမန်တော်

**အဖြစ် ယေရှုကို ဝန်ခံ၍ စတင်လက်ခံကြပါစို့**

ထိုမှသာ သူလုပ်ခဲ့သောအလုပ်သည် ကျွန်ုပ်တို့ တစ်ဦးချင်းအသက်တာနှင့် သူ၏ ခန္ဓာကိုယ်အနေနှင့် အပြည့်အဝ အောင်မြင်နိုင်မည်။

ထိုမှသာ

သူ၏ အသင်းတော်သည် တည်ဆောက်ခြင်း ခံရမည်။